**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှု နှင့်**
**မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**
**ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၊ ရန်ကုန်မြို့ မေလ ၂၃ ရက် ၂၀၁၄**
**မြို့ပြ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ဘက်စုံ ပါဝင်ဆောင်ရွက်သူများ ညှိနှိုင်းဆွေးနွေးမှု**

| အမျိုးအစား | တက်ရောက်လာသူများထံမှ အကြံပြုချက်များ | မှတ်ချက် |
|---|---|---|
| **အကြောင်းအရာ** | ပထမ ဦးစားပေးအရာမှာ **သန့်ရှင်းသည့် သောက်သုံးရေ ရရှိရန်**ဖြစ်သည်။ ပြည်သူ များ ရေရရှိရေးအတွက် အချိန်များ အကုန်ခံနေကြရပြီး သန့်ရှင်းမှုမရှိသော ရေ ကြောင့် ရောဂါများ ဖြစ်ပွားနေရသည်။<br><br>ဒုတိယ ဦးစားပေးအရာမှာ **လျှပ်စစ်ဓာတ်အား**ဖြစ်သည်။ လျှပ်စစ်ဓာတ်အား မရခြင်း ကြောင့် ပညာရေး၊ သတင်းအချက်အလက်နှင့် လူမှုကွန်ယက်များ ရရှိအသုံးပြု နိုင်မှုအပေါ် သက်ရောက်မှု ဖြစ်ပေါ်စေသည်။ လျှပ်စစ်ဓာတ်အားက စက်မှုလုပ်ငန်း တိုးတက်ရေးအတွက်လည်း အဓိကဖြစ်သည်။<br><br>စိုက်ပျိုးရေး ထုတ်ကုန်များအတွက် **ဈေးကွက်ရရှိမှု၊ ကျန်းမာရေးနှင့် ဘဏ္ဍာငွေရရှိရေး** အရေးကြီးမှုကို အဓိကဦးစားပေး အရာများအဖြစ်လည်း ဆွေးနွေးခဲ့ကြပါသည်။ | |
| | နိုင်ငံလူဦးရေ၏ ၇၀% မှာ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့်အတွက် **စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး**သည် အဓိကဦးစားပေးအရာဖြစ်သည်။ တောင်သူများ၏ ၉၀% မှာအကြွေးတင်နေကြသည်။ စိုက်ပျိုးရေး သွင်းအားစု ကုန်ကျစရိတ်နှင့် အတိုး နှုန်းမြင့်မားနေခြင်းက တောင်သူများအတွက် အဓိက အခက်အခဲများဖြစ်သည်။ မြေယာ ပိုင်ဆိုင်ခွင့်များ/ မြေယာသိမ်းဆည်းမှု သည်လည်း အရေးကြီးသော ပြဿနာ များအနက် တစ်ခုဖြစ်သည်။ တောင်သူများကြားတွင် စက်အစားထိုး အသုံးပြုမှုစနစ် နိမ့်ကျနေခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အချင်းများ အဆင့် နိမ့်ကျနေခြင်းနှင့် တောင်သူများအကြား ဆက်သွယ်မှုညံ့ဖျင်းနေခြင်းများ ဖြစ်ပေါ်နေသည်။ တောင်သူများအတွက် ကာလတိုနှင့် ကာလရှည် အတိုးနှုန်း နည်းပါးသည့် ချေးငွေများ ပံ့ပိုးပေးရန် လိုအပ်သည်။ တောင်သူများအား အကြပ်အတည်းကာလမှ ကာကွယ်ရန်အတွက်လည်း အရေးပေါ် ချေးငွေများ ထုတ်ချေးပေးရန် လိုအပ်သည်။ ထို့အပြင် ထိရောက်သော လွတ်လပ်သည့် ဈေးကွက်စနစ်များ ဖြစ်ပေါ် တိုးတက်ရန်လည်း လိုအပ်သည်။<br><br>ဒုတိယ ဦးစားပေးအရာမှာ **ပညာရေး**ဖြစ်သည်။ ထိုကဏ္ဍတွင် လုံလောက်သော ဆရာ အရေအတွက် ခန့်ထားပေးရေး၊ လုံလောက်သည့် ပညာရေးဆိုင်ရာ အခြေခံအ ဆောက်အအုံ၊ ပညာသင်ကြားမှုနှင့် သင်ယူမှုစနစ် ညံ့ဖျင်းခြင်းတို့ အပါအဝင် ထိုကဏ္ဍတွင် လိုအပ်ချက်များစွာ ရှိနေသည်။ မြန်မာနိုင်ငံ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာတတ် နိုင်ငံသားများ ဖြစ်ရေးတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ | |
| | ထိပ်တန်း ဦးစားပေးအရာမှာ စိုက်ပျိုးရေးဆိုင်ရာ တိုးတက်မှုဖြစ်သည်။ ထိုကဏ္ဍ၏ လိုအပ်ချက်များတွင် မြေ၊ ဘဏ္ဍာငွေ၊ နည်းပညာ၊ ဈေးကွက်များ (သွင်းအားစုနှင့် ထုတ်လုပ်မှုအကြား မျှခြေ ညီမှုမရှိ)၊ သယ်ယူပို့ဆောင်ရေး ဆိုင်ရာ ချိတ်ဆက်မှုနှင့် စိုက်ပျိုးရေးအတွက် ရေရရှိရေး တို့ပါဝင်သည်။ | |

| | | |
|---|---|---|
| | ဒုတိယ ဦးစားပေးအရာမှာ **လျှပ်စစ်ဓာတ်အား** ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပိုမိုရရှိလျှင် လူနေမှုဘဝ ပိုမိုမြင့်မားလာမည် ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပံ့ပိုးပေး ခြင်းကြောင့် စက်ရုံများ တိုးတက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး နိုင်ပြီး သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး စနစ်များ တိုးတက်လာ ကာ ပညာ ရေးလည်း ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်း သက်သာ စွာ ဖြန့်ဖြူးပေးခြင်းကြောင့် အခြားကုန်ကျစရိတ် သက်သာမှုများစွာ ဖြစ်ပေါ် စေမည် ဖြစ်သည်။ | |
| | မိမိတို့၏ ပထမဦးစားပေးအရာမှာ **ဘဏ္ဍာငွေ ရရှိရေးဖြစ်သည်။** အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း ၂ ခုလုံးက မြို့ပြဆင်းရဲနွမ်းပါးမှု ပြဿနာအပေါ် လုံ လောက်အောင် အာရုံစိုက်မှု မရှိချေ။ မြို့ပြ ဆင်းရဲနွမ်းပါးမှုအတွက် ချေးငွေ ပံ့ပိုးခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုတွင် လေ့ကျင့်သင်တန်းပေးမှု ၂ ခုလုံး ပြုလုပ်ပေးရန် လိုအပ်နေသည်။<br><br>ဒုတိယ ဦးစားပေးအရာမှာ **ပညာရေး**ဖြစ်ပြီး အဓိကအားဖြင့် ဘဏ္ဍာရေးဆိုင်ရာ စီမံ ခန့်ခွဲမှုနှင့် နည်းပညာပိုင်းတွင် ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများ ၎င်းတို့၏ ကလေးများ အား ကျောင်းထားရေးအတွက် ၎င်းတို့ကို ပညာပေးရန် လိုအပ်သည်။ | |
| | **ပညာရေး / အာဟာရ** – မိမိတို့ တိုင်းပြည်အား ဆက်လက် ဆင်းရဲနွမ်းပါးအောင် ထားရှိရန် အကောင်းဆုံးနည်းမှာ ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးချိန်အတွင်း လိုအပ်သော အာဟာရဓာတ် လုံလောက်အောင် မပေးခြင်းပင်ဖြစ်သည်။ ကျန်းမာရေး ဝန်ကြီးဌာန၏ အဆိုအရ ကလေး ၁၀ ဦးလျှင် ၅ ဦးကျမှာ ပညာရေးတွင် စိတ်ဝင်စားမှု မရှိဘဲ သွေးအားနည်းမှု ဝေဒနာ ခံစားနေရသည်။ သွေးအားနည်းမှုကြောင့် မှတ်ဉာဏ် အားနည်းပြီး IQ နိမ့်နေသည်။ ကလေးများတွင် IQ နိမ့်ပါက လူထု၏ စွမ်းဆောင် ရည်အား မည်သို့တည်ဆောက်နိုင်မည်နည်း။<br><br>ရေတို တုန့်ပြန်မှု အဖြစ် **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးသည်** မြန်မာနိုင်ငံအတွက် အရေးပါကြောင်း ကျွန်ုပ်သဘောတူပါသည်။ သို့ရာတွင် ရေရှည်အတွက်မူ ကလေး ငယ်များအတွက် အာဟာရဓာတ် လုံလောက်မှုမှာ မရှိမဖြစ်အရေးပါကြောင်း တင်ပြ လိုသည်။<br><br>**ပညာရေး** သည် ထိပ်တန်း ဦးစားပေးအရာ ဖြစ်သည်။ အနာဂတ်တွင် ကလေး ငယ်အခွင့်အရေး ဆိုင်ရာ ချဉ်းကပ်လုပ်ဆောင်မှုကို အသုံးပြုကာ လူသားအရင်း အမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်။ မည်သည့် အခြေ အနေမျိုးတွင်ဖြစ်စေ ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရမည်။ အကယ်၍ အစိုးရ က ထိုအရာကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါက နိုင်ငံတကာ အသိုက်အဝန်းများထံမှ အကူ အညီများ မိမိတို့ တောင်းခံရန် လိုအပ်သည်။ ပညာရေးအတွက် ရေရှည်နှင့် ရေတို အစီအစဉ် ၂ ခုလုံးမိမိတို့ လိုအပ်သည်။ ဘဏ္ဍာရေး ပံ့ပိုးမှုနှင့် စွမ်းဆောင်ရည် တည် ဆောက်ပေးမှုလည်း မိမိတို့လိုအပ်ပါသည်။ နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အခွင့် အရေးများအား သတိပြုမိရန်လည်း လိုအပ်သည်။<br><br>ဒုတိယ ဦးစားပေးအရာမှာ ကဏ္ဍအားလုံးတွင် **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုး တက်ရေး**ဖြစ်သည်။. | |

| | | |
|---|---|---|
| | **စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု** – မြေများကို အစိုးရဌာနများ၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ပုဂ္ဂလိက ကုမ္ပဏီများက သိမ်းယူထားကြသည်။ မြင့်မားသည့် အတိုးနှုန်းများကြောင့် မြေများကို ဆုံးရှုံးနေကြရသည်။ မည်သည့် ဥပဒေစည်းမျဉ်းမှ လည်းမရှိချေ။ မြေပိုင်ဆိုင်ခွင့် နှင့် ပတ်သက်သည့် ထိရောက်သော ဥပဒေများ ရေးဆွဲရန်လိုအပ်ပြီး တောင်သူများအတွက် မြေယာပိုင်ခွင့်ကို ကာကွယ်ပေးရန် ထိုဥပဒေကို ထိရောက်စွာ အကောင်အထည် ဖော်ပေးရန် လိုအပ်သည်။ တောင်သူများအတွက် တိုက်ရိုက် ငွေကြေးကူညီပံ့ပိုးမှုနှင့် နည်းပညာနှင့် မြေပိုင်ခွင့်ဆိုင်ရာ သင်တန်းများ ပေးရန် လိုအပ်သည်။ စပါးအတွက် တည်ငြိမ်သည့် ဈေးကွက်ပေါက်ဈေး ဖြစ်ရန် အာမခံ ပေးပြီး ၂ သီးသို့မဟုတ် ၃ သီးစိုက်ပျိုးကာ ထုတ်လုပ်မှု တိုးအောင် လုပ်ဆောင် ရမည်ဖြစ်သည်။<br><br>ဒုတိယ ဦးစားပေးမှာ ပညာရေးဖြစ်သည်။ ဆရာများ၏ အရည်အသွေးကို မြှင့်တင် ပေးပြီး သင်ယူမှုပတ်ဝန်းကျင် တိုးတက်အောင် လုပ်ဆောင်ပေးရန် လိုအပ်သည်။ | |
| **လုပ်ငန်းစဉ်** | | . |